# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၃၀ - ၅ - ၂၀၁၇ ]

# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား ၁၈ ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ ၁၀၈.၄၀ ဧကအား အမှတ် (၂၇၀) ခြေလျင်တပ်ရင်း စစ်တွေမှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည်လွှဲပြောင်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဇင်းခါးချေကျေးရွာ၊ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ် ၈၄၇(A)တွင် ရှိသည့် လယ်မြေ(၁၅)ဧကကို ကာကွယ်ရေးဝန်ကြီးဌာန၊ သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ တိမ်ကောနေသော မြို့လယ်ချောင်းအား ရေစီးရေလာ ကောင်းမွန်စေရန်နှင့် သွားလာရေးလွယ်ကူစေရန်အတွက် တူးဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ၌ ဒီရေတိုက်စားသဖြင့် မြေပြိုကျနေမှုကို လှိုင်းကာကျောက်တန်းများ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စု၊ လက္ကာပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံနှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး အခြေအနေကို ပြန်လည် သုံးသပ်ပြီး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။